# မစန္ဒာ၏ ဆဋ္ဌဂံဝတ္ထုမှ ဇာတ်လမ်းဖန်တီးမှုအတတ်ပညာ

ခင်လေးကြူ*


**စာတမ်းအကျဉ်း**

ဤစာတမ်းသည် မစန္ဒာ၏ ဆဋ္ဌဂံဝတ္ထုကို ဇာတ်လမ်းဖန်တီးမှုအတတ်ပညာရှုထောင့်မှ လေ့လာတင်ပြထားသည့် သုတေသနစာတမ်း ဖြစ်ပါသည်။ ရည်ရွယ်ချက်မှာ ဝတ္ထုအင်္ဂါရပ်တွင် အရေးပါသည့် ဇာတ်လမ်းဖန်တီးမှုအတတ်ပညာကို လေ့လာဖော်ထုတ်ရန် ဖြစ်ပါသည်။ မစန္ဒာ၏ ဆဋ္ဌဂံဝတ္ထုကို အလေ့လာခံအဖြစ် သတ်မှတ်ပြီး စာပေပညာရှင်များ၏ ဝတ္ထုသဘောတရားဆိုင်ရာ အဆိုအမိန့်များ၊ ဝတ္ထုအတတ်ပညာဆိုင်ရာ နည်းနာများကို အခြေခံ၍ ဇာတ်လမ်းဖွင့်နည်း၊ အကြောင်းဆက်နည်း၊ အားပြိုင်နည်း၊ အနုစိတ်ခြယ်မှုန်းရေးဖွဲ့ခြင်း၊ မြုပ်ကွက်၊ လှည့်ကွက်၊ တိုက်ဆိုင်မှု ဟူသော ကဏ္ဍများဖြင့် လေ့လာတင်ပြထားပါသည်။ ဤစာတမ်းကို လေ့လာခြင်းအားဖြင့် မြို့ပြလူတန်းစား အလွှာအသီးသီးတွင်ကျင်လည်နေကြသော မိခင်လောင်းအမျိုးသမီးတို့၏ လူမှုဘဝနှင့် စာရေးသူ၏ ဇာတ်လမ်းဖန်တီးမှု အတတ်ပညာတို့ကို ချီးကျူးလေးစားဖွယ် လေ့လာသိရှိနိုင်ပါသည်။


သော့ချက်ဝေါဟာရများ – ဇာတ်လမ်းဖန်တီးမှုအတတ်ပညာ၊ ဇာတ်လမ်းဖွင့်နည်း၊ အကြောင်းဆက်နည်း၊ အားပြိုင်နည်း၊ အနုစိတ်ခြယ်မှုန်းရေးဖွဲ့ခြင်း၊ မြုပ်ကွက်၊ လှည့်ကွက်၊ တိုက်ဆိုင်မှု

## နိဒါန်း

ဝတ္ထုသည် ဒိဋ္ဌလောက၏ အတွေ့အကြုံကို ပို၍နှစ်သက်ဖွယ်ဖြစ်အောင် စိတ်ကူးဖြင့် မွမ်းမံရေးသားထားသော ရသစာပေတစ်မျိုး ဖြစ်ပါသည်။ စာရေးသူသည် လူနှင့်လူ့ပတ်ဝန်းကျင်တွင် ကျင်လည်လှုပ်ရှားနေကြသော လူတန်းစားအမျိုးမျိုးတို့၏ ဘဝသရုပ်ကို ဇာတ်လမ်းဖန်တီးတည်ဆောက်ခြင်းဖြင့် ထင်ဟပ်ဖော်ပြလေ့ရှိပါသည်။ ဤစာတမ်းတွင် အလေ့လာခံအဖြစ်ထားသော မစန္ဒာ၏ ဆဋ္ဌဂံဝတ္ထုသည် ၂၀၀၂ ခုနှစ်အတွက် အမျိုးသားစာပေဆု ဝတ္ထုရှည်(လုံးချင်း)ဆုရသော ဝတ္ထုတစ်ပုဒ်ဖြစ်ပါသည်။ မစန္ဒာ၏ ဇာတ်လမ်းဖန်တီးမှုအတတ်ပညာကို လေ့လာတင်ပြရာတွင် ဇာတ်လမ်းဖွင့်နည်း၊ အကြောင်းဆက်နည်းကိုသုံးခြင်း၊ အားပြိုင်နည်းကိုသုံးခြင်း၊ အနုစိတ်ခြယ်မှုန်းရေးဖွဲ့ခြင်း၊ မြုပ်ကွက်ကို သုံးခြင်း၊ လှည့်ကွက်ကိုသုံးခြင်း၊ တိုက်ဆိုင်မှုကိုသုံးခြင်း ဟူသော နည်းလမ်းများဖြင့် ဝေဖန်သုံးသပ်ကာ လေ့လာတင်ပြထားပါသည်။

## ၁။ မစန္ဒာ၏အတ္ထုပ္ပတ္တိအကျဉ်း

မစန္ဒာ၏အမည်ရင်းမှာ ဒေါ်ချိုချိုတင်ဖြစ်သည်။ ၁၉၄၇ ခုနှစ် စက်တင်ဘာလ (၄)ရက်နေ့တွင် ရန်ကုန်မြို့၌ အဖ ဦးထွန်းတင် (မန်းတင်)၊ အမိ ဒေါ်သန်းတင်တို့မှ မွေးဖွားသည်။ ရန်ကုန်မြို့၊ မြို့မ အထက်တန်းကျောင်းတွင် ပညာသင်ကြားခဲ့ပြီး ၁၉၆၅ ခုနှစ်တွင် တက္ကသိုလ်ဝင်တန်း အောင်မြင်သည်။ ၁၉၆၅ ခုနှစ်မှစ၍ ရန်ကုန်စက်မှုတက္ကသိုလ်တွင် တက်ရောက်သင်ကြားခဲ့ရာ ၁၉၇၁ ခုနှစ်တွင် ဗိသုကာဘွဲ့ရသည်။ စာရေးသက် အနှစ် (၄၀)ခန့်အတွင်း ဝတ္ထုတိုနှင့် မဂ္ဂဇင်း ဝတ္ထုရှည် (၁၀၀)ကျော်၊ ဝတ္ထုလတ် (၂)ပုဒ်၊ လုံးချင်းဝတ္ထုရှည် (၁၃)အုပ်တို့ကို ရေးသားခဲ့သည်။

ဘဝအိပ်မက် ပန်းအိပ်မက် (၁၉၉၄ ခုနှစ် အမျိုးသားစာပေ – ဝတ္ထုရှည်ဆု)၊ ဝတ္ထုတိုများ ၃ (၁၉၉၉ ခုနှစ် အမျိုးသားစာပေ – ဝတ္ထုတိုပေါင်းချုပ်ဆု)၊ ဆဋ္ဌဂံ (၂၀၀၂ ခုနှစ် အမျိုးသားစာပေ – ဝတ္ထုရှည်ဆု)တို့သည် ထုတ်ဝေခဲ့သည့်စာအုပ်များအနက် ဆုရရှိခဲ့သည့် စာအုပ်များဖြစ်သည်။

---

* ဒေါက်တာ၊ ကထိက၊ မြန်မာစာဌာန၊ ရတနာပုံတက္ကသိုလ်

မစန္ဒာသည် ၂၀၀၂ ခုနှစ်၊ ဇွန်လမှစ၍ မြန်မာနိုင်ငံစာပေနှင့်စာနယ်ဇင်းအဖွဲ့ အမှုဆောင်ကော်မတီဝင် အဖြစ် တာဝန်ထမ်းဆောင်ခဲ့သည်။ ယခုအခါ ခင်ပွန်းသည် ဗိုလ်သုကာ ဦးစန်းမောင်၊ သမီး မအေးငြိမ်းချမ်း၊ သား မောင်မိုးငြိမ်းချမ်းတို့နှင့်အတူ အမှတ် ၁၇၃၊ ဂန္ဓမာလမ်း၊ သုဝဏ္ဏ၊ ရန်ကုန်မြို့တွင် နေထိုင်လျက်ရှိပါသည်။[၁]

## ၂။ ဇာတ်လမ်းဖန်တီးမှုအတတ်ပညာ

ဝတ္ထုသည် ရသခံစားမှုမှတစ်ဆင့် ဘဝအသိကို ရရှိစေသော ရသစာပေတစ်မျိုး ဖြစ်ပါသည်။ ဝတ္ထု ဇာတ်လမ်းများသည် စာဖတ်သူတို့ကို ကောင်းမွန်သော အကျိုးသက်ရောက်မှု ဖြစ်စေနိုင်ကြောင်းကို W.Biddle & Toby Fulwiler \ Reading, Writing and the study of Literature စာအုပ်တွင်

> **စိတ်ကူးဖြင့် ဖန်တီးထားသော ဝတ္ထုဇာတ်လမ်းသည် ကျွန်ုပ်တို့၏ အသိဉာဏ်၊ အတွေ့အကြုံ၊ နားလည်မှုများနှင့် ခံစားမှုအဆင့်ကို ကြီးမား ကျယ်ပြန့်စေသည်**[၂]

ဟု ဆိုထားပါသည်။ ထို့ကြောင့် ဇာတ်လမ်းဖန်တီးမှုအတတ်ပညာသည် ဝတ္ထုတွင် အရေးပါသော အခန်းကဏ္ဍမှ ပါဝင်လျက် ရှိပါသည်။

ဇာတ်လမ်းဖန်တီးမှုအတတ်ပညာနှင့်ပတ်သက်၍ မမိုးမြေက ဝတ္ထုရှည်သဘောတရား ဝတ္ထုရှည် အတတ်ပညာ စာအုပ်တွင်

> **၁။ အကြောင်းဆက်နည်းကိုသုံးခြင်း၊**
> **၂။ အားပြိုင်မှုကိုသုံးခြင်း၊**
> **၃။ အနုစိတ်ခြယ်မှုန်းရေးဖွဲ့ခြင်း၊**
> **၄။ မြှုပ်ကွက်ကိုသုံးခြင်း၊**
> **၅။ လှည့်ကွက်ကိုသုံးခြင်း၊**
> **၆။ တိုက်ဆိုင်မှုကိုသုံးခြင်း၊**
> **၇။ တော့လွဲဖြစ်ရပ်များကိုဖန်တီးခြင်း**[၃]

စသည့် နည်းပညာများကို သုံးလေ့ရှိကြောင်း တင်ပြထားပါသည်။ ဝတ္ထုဇာတ်လမ်းဖန်တီးရာတွင် ဖော်ပြချက်များမှ ဇာတ်လမ်းနှင့်ကိုက်ညီသည့် နည်းများကို သုံးလေ့ရှိကြပါသည်။

ဇာတ်လမ်းဆင်ရာတွင်ပါဝင်သော ဇာတ်လမ်းအဖွင့်နိဒါန်းပိုင်းကို ဖော်ပြရာတွင် သူရိယ ကန္တိက

> **ဝတ္ထုရှည်တစ်ပုဒ်၏အစကို ရှည်လျားစွာ ဖွင့်နိုင်ပြီး ဇာတ်လိုက်များကိုလည်း တစ်ဦးပြီးတစ်ဦး ဝတ္ထုဖတ်သူအား မိတ်ဖွဲ့ပေးနိုင်၏**[၄]

ဟူ၍ ဇာတ်လမ်းဖွင့်နည်းအတတ်ပညာကို လမ်းညွှန်ထားပါသည်။ ဤစာတမ်းတွင် ပညာရှင်များ၏ အဆိုအမိန့်များဖြစ်သည့် ဇာတ်လမ်းဖွင့်နည်း၊ အကြောင်းဆက်နည်းကိုသုံးခြင်း၊ အားပြိုင်မှုကိုသုံးခြင်း၊ အနုစိတ်ခြယ်မှုန်းရေးဖွဲ့ခြင်း၊ မြှုပ်ကွက်ကိုသုံးခြင်း၊ လှည့်ကွက်ကိုသုံးခြင်း၊ တိုက်ဆိုင်မှုကိုသုံးခြင်း ဟူသည့် နည်းလမ်းများဖြင့် မစန္ဒာ၏ ဇာတ်လမ်းဖန်တီးမှုအတတ်ပညာကို လေ့လာတင်ပြသွားမည် ဖြစ်ပါသည်။

---

[၁] ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ ၂၀၀၃၊ ၁၆၉-၁၇၀။
[၂] Biddle, 1989, 28.
[၃] မိုးမြေ၊ မ၊ ၂၀၁၅၊ ၆၅။
[၄] သူရိယကန္တိ၊ ၁၉၆၇၊ ၁၁၇။

**၂၊ ၁။ ဇာတ်လမ်းဖွင့်နည်း**

ဝတ္ထုဇာတ်လမ်းဖန်တီးရာတွင် ဝတ္ထု၏အစ အဖွင့်နိဒါန်းပိုင်းသည် အရေးပါသောအခန်းကဏ္ဍမှ ပါဝင်ပါသည်။ ဆရာအောင်သင်းက

> **ဝတ္ထုတစ်ပုဒ်၏အစသည် အရေးကြီးသောဇာတ်ဆောင် သို့မဟုတ် အရေးကြီးသော အခြေအနေ သို့မဟုတ် ဝတ္ထုအာဘော်အတွက် အရေးကြီးသော အချက်တစ်ခုခုကို မိတ်ဆက်ဖော်ပြပြီး ဖြစ်စေသင့်ပါသည်** [၅]

ဟူ၍ ဇာတ်လမ်းဖွင့်နည်းကို လမ်းညွှန်ထားပါသည်။ ဝတ္ထုအစပိုင်းတွင် စာရေးသူပြောလိုသော အကြောင်းအရာကို စတင် အစပျိုးရေးဖွဲ့ပြီး စာဖတ်သူ၏ သိလိုစိတ် ထက်သန်ပြင်းပြလာစေရန် ဖန်တီး ပုံဖော်ခြင်းပင် ဖြစ်ပါသည်။

မစန္ဒာ၏ဆဋ္ဌဂံဝတ္ထုတွင် ဇာတ်ဆောင်နှင့်စာဖတ်သူကို မိတ်ဆက်ပေးသောနည်းဖြင့် အစပျိုးထားကြောင်း တွေ့ရပါသည်။ ဝတ္ထုအစတွင် စာရေးသူက

> **သတ္တိကတော့ အတော့်ကို ကောင်းသည်။ တစ်အိုးလည်း မစားနိုင်၊ တစ်အိမ်လည်း မနေနိုင်ဘဲ အိမ်ထောင်ပြုရဲကြသူ နှစ်ဦးမှာ အောင်အောင် (ကြံတိုင်းအောင်)နှင့် နွေးနွေးတို့ ဖြစ်ကြလေသည်** [၆]

ဟု ဖော်ပြထားသည်။ ဇာတ်လမ်းအစမှာပင် ခံစားမှုနောက်ကို အလွယ်တကူလိုက်ပါကာ မိုက်ရူးရဲ ဆန်ဆန် စွန့်စားခဲ့ကြသော လူငယ်နှစ်ဦး၏ စိတ်နေသဘာဝကို သဲလွန်စပြထားသည်။ စာဖတ်သူကို ဇာတ်ဆောင်မှတစ်ဆင့် ဇာတ်လမ်းကို သိလိုစိတ် ဖြစ်ပေါ်လာစေသည့် ဇာတ်လမ်းအစပျိုးပိုင်းပင် ဖြစ်ပါသည်။ မစန္ဒာ၏ ဆဋ္ဌဂံဝတ္ထုအစပိုင်းများတွင် အဓိကဇာတ်ဆောင် အမျိုးသမီး ၆ ဦးအပြင် အခြား ပတ်သက်ရာ ဇာတ်ဆောင်များနှင့်လည်း အလျဉ်းသင့်သလို မိတ်ဆက်ဖော်ပြထားသည်ကို တွေ့ရပါသည်။

**၂၊ ၂။ အကြောင်းဆက်နည်းကိုသုံးခြင်း**

ဝတ္ထုဇာတ်လမ်း ဖန်တီးရာတွင် စာဖတ်သူ၏ သိလိုစိတ် အဆက်မပြတ် ဖြစ်ပေါ်နေစေရန် ဇာတ်လမ်း ပါ ဖြစ်ရပ်များကို ကြောင်းကျိုးချိတ်ဆက်ပေးရပါမည်။ အကြောင်းဆက်နည်းသဘောကို မမိုးမြေက

> **အကြောင်းဆက်နည်းဆိုသည်မှာ ဝတ္ထုပါ ဖြစ်ရပ်များကို ချိတ်ဆက်ယူ၍ ဇာတ်လမ်းအဖြစ် ဖန်တီးရာတွင် ရှေ့ဖြစ်ရပ်နှင့်နောက်ဖြစ်ရပ်ကို အကျိုးသင့်အကြောင်းသင့်ဖြစ်အောင် ချိတ်ဆက်ယူသည့်သဘော ဖြစ်ပါသည်** [၇]

ဟု ရှင်းလင်းတင်ပြထားပါသည်။ ဖြစ်ရပ်များကို ကြောင်းကျိုးချိတ်ဆက်တင်ပြခြင်းဖြင့် ဇာတ်လမ်းကို အသင့်ယုတ္တိရှိစေပြီး စာဖတ်သူ၏စိတ်ကိုလည်း ဆွဲဆောင်နိုင်စွမ်းရှိလာမည် ဖြစ်ပါသည်။

မစန္ဒာ၏ ဆဋ္ဌဂံဝတ္ထုတွင် ဇာတ်ဝင်ခန်း (၂၉)ခန်းဖြင့် ဖွဲ့စည်းထားပြီး ထိုဇာတ်ဝင်ခန်းများကို တစ်ခုနှင့်တစ်ခု ချိတ်ဆက်တင်ပြရာတွင် အကြောင်းဆက်နည်းကို အသုံးပြုတင်ပြထားကြောင်း တွေ့ရပါသည်။ ဝတ္ထုဇာတ်လမ်းအစ အခန်း(၁)တွင် တက္ကသိုလ်ဝင်တန်းစာမေးပွဲ ဖြေဆိုပြီးစအချိန်၌ ကြံတိုင်းအောင်နှင့် နွေးနွေးတို့ နှစ်ဦးသဘောတူ ထွက်ပြေးခဲ့ကြပုံ၊ နေရေးစားရေးမှအစ အခက်ကြုံနေရချိန်တွင် နွေးနွေး၌ ပဋိသန္ဓေ ရှိလာပုံဖြင့် အစပျိုးထားသည်။ အခန်း(၂)တွင် ဒေါ်ခင်မေကြီး၏သမီး ညွှန်မှူးကတော် တင်တင်ကြည်သည် သားသမီး (၃)ယောက်ရပြီးမှ မထင်မှတ်ဘဲ ကိုယ်ဝန်ရှိသည့် လက္ခဏာကို စတင်ရိပ်မိသိရှိလာပုံကို တင်ပြထားသည်။ အခန်း(၃)တွင် တင်တင်ကြည်၏မောင် တင်မောင်မောင်နှင့် ငယ်စဉ်က မေတ္တာမျှခဲ့သော နွဲ့သဇင်သည် ချမ်းသာကြွယ်ဝသော ကိုဘိုကြည်နှင့်

---

[၅] အောင်သင်း၊ ၁၉၈၄၊ ၁၄၃။

[၆] စန္ဒာ၊ မ၊ ၂၀၀၂၊ ၅။

[၇] မိုးမြေ၊ မ၊ ၂၀၁၅၊ ၆၅။

အကြောင်းပါပြီးနောက် ကိုယ်ဝန်ရှိလာခဲ့ပုံ၊ နွဲ့သဇင်၏အိမ်သို့ အလုပ်လာလျှောက်သော ကြံတိုင်းအောင်နှင့်အတူ ပါလာသော နွေးနွေးတို့ကို နွဲ့သဇင်က ကူညီဖေးမရန် ကြိုးစားပုံတို့ဖြင့် ဇာတ်ဝင်ခန်းကို သိမ်းထားသည်။ အခန်း(၄)တွင် တင်တင်ကြည်၏သားဖြစ်သော ဖိုးသကြန်၏ဆရာမ ခင်ခင်ထားနှင့် မောင်ဖြစ်သူ ကိုလင်းတို့က HIV ရောဂါသည် ဖခင်ကြီးကို အိမ်၌ပင် ကုသရန် တိုင်ပင်ကြပုံဖြင့် ဇာတ်ဝင်ခန်းကို ဖော်ပြထားသည်။ အခန်း(၅)တွင် ကြံတိုင်းအောင်၏အစ်မ စိန်ရွှေမြသည် ရုံးစာရေးကြီး ကိုရေအေးနှင့် သားသမီး (၄)ယောက် ရလာသည့်တိုင် စီးပွားရေး မပြေလည်ပုံ၊ ထိုစဉ် ထပ်မံ၍ ကိုယ်ဝန်ရရှိလာပြန်သောကြောင့် ဝမ်းမသာနိုင်ဘဲ စကားအချေအတင်ဖြစ်ကြပုံဖြင့် ဇာတ်ဝင်ခန်းကို သိမ်းထားသည်။ အခန်း(၆)တွင် ကိုရေအေး၏ညီမ မခင်အေးသည် ကိုလှမောင်နှင့် လက်ထပ်ပြီး မော်ဘီမြို့စွန်တွင် ခြံလုပ်ငန်းဖြင့် အသက်မွေးကြပုံ၊ သမီးကလေး သက်ဝေနှင့် မိသားစု (၃)ယောက် ဘဝကို အေးချမ်းပျော်မွေ့နေချိန်တွင် ထပ်မံ၍ ကိုယ်ဝန်ရှိလာပုံဖြင့် ဇာတ်ဝင်ခန်းကို သိမ်းထားသည်။

ဤကဲ့သို့ ကိုယ်ဝန်ဆောင်အမျိုးသမီးဇာတ်ဆောင်(၆)ဦး၏ ဖြစ်ရပ်များကို တစ်ခန်းနှင့် တစ်ခန်း ကြောင်းကျိုးခိုင်လုံစွာ ချိတ်ဆက်တင်ပြထားနိုင်သောကြောင့် ဇာတ်လမ်းစဉ်တစ်ခုလုံးမှာ ချောမောပြေပြစ်လျက် ရှိပါသည်။ ဆဋ္ဌဂံဝတ္ထု၏ ဇာတ်လမ်းချိတ်ဆက်မှုနှင့်ပတ်သက်၍ စာရေးသူ မစန္ဒာကိုယ်တိုင်က

**ကျွန်မက ကိုယ်ဝန်ဆောင်မိခင်လောင်းတွေ ဖြစ်တတ်တဲ့သဘာဝ၊ လူမှုဒုက္ခ၊ ဘေးအန္တရာယ်အကြောင်းတွေကို သိစေချင်၊ စာနာစေ ချင်တဲ့ စိတ်စေတနာနဲ့ ရေးခဲ့တာပါ။ ရေးတဲ့အခါမှာလဲ ကြိုးကြိုး စားစား အားထုတ်ခဲ့ပါတယ်။ ဘဝမတူ အလွှာမတူတဲ့သူတွေကို ယှက်နွယ်နေအောင် တစ်ယောက်နဲ့တစ်ယောက် လှမ်းချိတ်နေရလို့ ခက်လဲခက်ပါတယ်** [၇]

ဟူ၍ ရှင်းပြထားပါသည်။ ဤကဲ့သို့ ဇာတ်ဝင်ခန်းများကို တစ်ခန်းနှင့်တစ်ခန်း ကြောင်းကျိုးခိုင်လုံစွာ ချိတ်ဆက်တင်ပြထားနိုင်သောကြောင့် ဇာတ်လမ်းစဉ်တစ်ခုလုံး ချောမောပြေပြစ်ကာ စာဖတ်သူ၏ စိတ်ဝင်စားမှုကို စည်းရုံးသိမ်းသွင်းနိုင်ကြောင်း တွေ့ရပါသည်။

## ၂၊ ၃။ အားပြိုင်မှုကိုသုံးခြင်း

အားပြိုင်မှုသုံးခြင်းသည် ဝတ္ထုဇာတ်လမ်းဖန်တီးရာတွင် စာဖတ်သူ၏စိတ်ဝင်စားမှုကို အမြင့်ဆုံးသို့ ရောက်အောင် တွန်းပို့ပေးနိုင်သော ဇာတ်ဝင်ခန်းကို ဖြစ်စေပါသည်။ အားပြိုင်မှုသဘောကို ဆရာအောင်သင်းက

**ပြဿနာတို့ကို ရှင်းရခြင်းသည်ပင် အားပြိုင်မှု ဖြစ်တော့သည်** [၈]

ဟု ရှင်းပြထားပါသည်။ ဒိဋ္ဌဓမ္မလူ့လောကတွင် ဆန့်ကျင်ဘက်သဘောတရားကို ရင်ဆိုင်ကြုံတွေ့ရလေ့ရှိရာ ထိုယှဉ်ပြိုင်မှုသဘောတရားများကို ဝတ္ထုတွင် အသင့်ယုတ္တိရှိအောင် အားပြိုင်မှုအဖြစ် ဖန်တီးသရုပ်ဖော်ခြင်းအားဖြင့် စာဖတ်သူ၏နှစ်သက်မှုကို ရရှိမည်ဖြစ်ပါသည်။

ဆဋ္ဌဂံဝတ္ထုတွင် နွေးနွေးသည် အဓိကအမျိုးသမီးဇာတ်ဆောင် (၆)ဦးတွင် တစ်ဦးအပါအဝင် ဖြစ်သည်။ နွေးနွေးသည် ကြံတိုင်းအောင်နှင့် နှစ်ဦးသဘောတူ ထွက်ပြေးပြီးနောက်တွင် အလုပ်အကိုင်၊ နေရေးစားရေးမှအစ မည်သို့မျှ အဆင်မပြေခဲ့ပေ။ နှစ်ဖက်မိဘများက ကျပ်တည်းကျဉ်းမြောင်းသော မိမိတို့ အိမ်အသီးသီးတွင် တစ်ကွဲစီ ပြန်လည်နေထိုင်စေခြင်းဖြင့် သူတို့နှစ်ဦး၏ ပြဿနာကို ယာယီ ဖြေရှင်းပေးခဲ့ကြသည်။ ထိုအခြေအနေများကြားမှ နွေးနွေးတွင် ကိုယ်ဝန်ရှိလာခဲ့သောအခါ မိခင်နှင့် အဒေါ်ဖြစ်သူမှာ ကရုဏာဒေါသော ဖြစ်ကြရသည်။ နွေးနွေးနှင့် စကားအချေအတင်ဖြစ်ကာ အားပြိုင်မှု ဖြစ်လာပုံကို

---

၇ မောင်မောင်မြင့်သိန်း (စက်မှုတက္ကသိုလ်)၊ ၂၀၀၄၊ ၆၅။

၈ အောင်သင်း၊ ၁၉၉၄၊ ၁၉။

**ဒီကြားထဲ ကြီးကြီးလည်း ပေါင်တွင်းကြော ဝင်လိမ်တာ သုံးခါတောင်၊**
**ဒီကလေးကိုလည်း မွေးမနေနဲ့၊ ဖျက်ပစ်လိုက်တဲ့** [၁၀]

ဟူသော နွေးနွေး၏ပြောစကားဖြင့် ဖော်ပြထားသည်။ ထိုမိသားစု ပဋိပက္ခကြောင့် ကလေးနှင့် ပတ်သက်၍ နွေးနွေး မည်သို့ ဆုံးဖြတ်မည့်အကြောင်း သိလိုစိတ်ကို မြင့်တက်စေပါသည်။

ကြံတိုင်းအောင်က မိမိတို့ရင်သွေးလေးကို စောင့်ရှောက်ရန် ကတိတောင်းသောအခါ နွေးနွေး၏ တုံ့ပြန်မှုကို

**ကတိပေးပါတယ် အောင်အောင်ရယ်၊ ဒီကလေးကို နွေးနွေး ရအောင် မွေးမှာပါ** [၁၁]

ဟူသော ပြောစကားဖြင့် စာဖတ်သူ၏ သိလိုစိတ်ကို ဖြေလျှော့ပေးခဲ့သည်။ ထိုကဲ့သို့ ဆန့်ကျင်ဘက် ဇာတ်ဆောင်များနှင့် အားပြိုင်စေသောကြောင့် ဇာတ်လမ်းအချိုးအကွေ့နှင့် နွေးနွေး၏ဘဝ အလှည့် အပြောင်းကို ဖြစ်ပေါ်စေပါသည်။

ဆဋ္ဌဂံဝတ္ထုတွင် နွဲ့သဇင်သည် ချောမောလှပသော ပညာတတ် သူဌေးကတော်လေးတစ်ဦး ဖြစ်သည်။ ငယ်စဉ်က ဆင်းရဲနွမ်းပါးပြီး တက္ကသိုလ်ဝင်တန်းစာမေးပွဲကို ပြင်ပမှ ဖြေဆိုရန် ကြိုးစားစဉ် ဆေးကျောင်းသား တင်မောင်မောင်နှင့် ချစ်ကြိုက်ခဲ့သည်။ ထို့နောက် လူငယ်တို့ဘဝ ငြိစွန်းမိပြီး ကိုယ်ဝန်ရှိနေကြောင်း သိရချိန်တွင် တင်မောင်မောင်၏မိခင် ဒေါ်ခင်မေကြီး ရောက်လာခဲ့သည်။

**မောင်မောင့်မှာ စေ့စပ်ထားတဲ့သူ ရှိပြီးသားကွဲ့။ သူ တစ်နေ့ လက်ထပ်ရင် အဲဒီ မိန်းကလေးကိုပဲ လက်ထပ်ရမယ်ဆိုတာလည်း သူသိပြီးသား။ အဲဒီ မောင်မောင် တစ်ယောက်ဟာလေ သိရက်နဲ့ကို ရှုပ်ချင်နေတာ …… ယောကျ်ားဆိုတာ ဒီလိုတွေပဲကွဲ့ မိန်းကလေးရဲ့၊ ကဲ မောင်မောင်၊ မာမီ့ဆီ လာစမ်းကွယ်၊ ပြန်ကြ ပါစို့လား** [၁၂]

ဟူသော ဒေါ်ခင်မေကြီး၏ပြောစကားဖြင့် အင်အားကြီးသော ဓနရှင်လူတန်းစားနှင့် အင်အားနည်းသော ဥစ္စာမဲ့လူတန်းစားတို့ အားပြိုင်မှုကို ဖန်တီးပေးခဲ့သည်။ ထိုအားပြိုင်ပွဲတွင် ဓနရှင် လူ့အသိုင်းအဝိုင်းက အားနည်းချို့တဲ့သော နွဲ့သဇင်ကို လွှမ်းမိုးအနိုင်ယူသွားခဲ့ပုံကို

**နောက်ဆုံးတော့ စိမ့်စိမ့်အေးနေသော ရေတွင်းပေါင်လေးကို မှီရင်း နွဲ့နွဲ့ တစ်ဦးတည်း ကျန်ခဲ့သည်။ နာကျင်ပြီး ကွဲအက်ကြေမွ သွားသော နှလုံးသားကြောင့် မျက်ရည်များက တာကျိုးသလို ပြိုကျ လာသည်** [၁၃]

ဟူ၍ နွဲ့သဇင်၏ဖြစ်ရပ်ဖြင့် ဇာတ်လမ်းကို အသင့်ယုတ္တိရှိစွာ ဖန်တီးထားသည်။ ထိုအားပြိုင်မှု ကြောင့် လောကအကြောင်းကို မသိနားမလည်ရှာသော နွဲ့နွဲ့အဖြစ်မှ အရည်အချင်းရှိသော ဘွဲ့ရပညာတတ် နွဲ့သဇင်အဖြစ်သို့ ကူးပြောင်းသွားစေခဲ့သည်။ နွဲ့သဇင်၏ဘဝအလှည့်အပြောင်းတို့ကို ကြောင်းကျိုး ဆီလျော်စွာ ဖန်တီးလိုက်နိုင်သည့် အားပြိုင်မှုအဖွဲ့ပင် ဖြစ်ပါသည်။

## ၂၊ ၄။ အနုစိတ်ခြယ်မှုန်းရေးဖွဲ့ခြင်း

ဇာတ်လမ်းပါ ဖြစ်ရပ်များကို ချိတ်ဆက်တင်ပြရာတွင် ဇာတ်ဆောင်တို့ ရှင်သန်ရပ်တည်ရာ၊ ဖြစ်ပျက်ရာ နေရာဒေသ၊ အချိန်ကာလနှင့် လူမှုပတ်ဝန်းကျင်များကို အသင့်ယုတ္တိရှိအောင် အသေးစိတ်ခြယ်မှုန်း ရေးသားလေ့ ရှိပါသည်။

ဆဋ္ဌဂံဝတ္ထုတွင် မခင်အေးသည် ကလေးမီးဖွားရင်း အသက်ဆုံးရှုံးခဲ့ရရှာသူလေး ဖြစ်ပါသည်။ စာရေးသူက မခင်အေး နေထိုင်ရာပတ်ဝန်းကျင်အရပ်ကို ဖော်ပြရာတွင်

---

[၁၀] စန္ဒာ၊ မ၊ ၂၀၀၂၊ ၁၈။
[၁၁] စန္ဒာ၊ မ၊ ၂၀၀၂၊ ၂၁။
[၁၂] -ယင်း-၊ ၄၀။
[၁၃] -ယင်း-၊ ၄၁။

**မော်ဘီမြို့အလွန်တွင် ကားလမ်းမကြီးမှ ညာဘက်ထဲသို့ ဖွဲ့ဆင်းသွားသော မြေနီလမ်းကလေးတစ်သွယ် ရှိသည်။ ချိုင့်တွေခွက်တွေများသော်လည်း ကားမောင်း၍တော့ ရလေသည်။ တစ်မိုင်ခွဲခန့် ဝင်မိလျှင် သီးပင်စာပင်များကို စုံလင်စွာ စိုက်ထားသော ခြံတစ်ခြံကို တွေ့ရမည်ဖြစ်သည်။ လေးဧကခန့်ရှိသောခြံကို နေရာလပ်မကျန်အောင် စနစ်တကျ စိုက်ပျိုးထားကြသူများကတော့ အမေချစ်တို့ မိသားစု ဖြစ်လေသည်** [၁၄]

ဟု အနုစိတ်ခြယ်မှုန်းရေးသားထားပါသည်။ စာရေးသူသည် တစ်ခါတစ်ရံ သားသမီးမွေးဖွားရင်း အသက်နှင့် ရင်းခဲ့ရသည့် မိခင်များ ရှိတတ်ကြောင်း၊ ဆေးရုံဆေးခန်းကို အားကိုးစေချင်ကြောင်း တင်ပြလိုသော စေတနာကြောင့် မခင်အေးကို မြို့နှင့် အလှမ်းဝေးသောနေရာသို့ ပို့ဆောင်ရေးသားထားခြင်း ဖြစ်ပါသည်။ ဤသို့ဖြင့် ဆေးရုံဆေးခန်းကို ကြောက်တတ်သော မခင်အေးသည် ဆေးရုံသို့ အချိန်မီမရောက်နိုင်တော့ဘဲ အချင်းကပ်သောဝေဒနာဖြင့် ကွယ်လွန်ခဲ့ကြောင်း ဇာတ်လမ်းဆင်ထားရာ အသင့်ယုတ္တိရှိစေသည့် အနုစိတ်ခြယ်မှုန်းရေးဖွဲ့ခြင်း အတတ်ပညာပင် ဖြစ်ပါသည်။

## ၂၊ ၅။ မြှုပ်ကွက်ကိုသုံးခြင်း

ဇာတ်လမ်းဖန်တီးရာတွင် မြှုပ်ကွက်သည် စာဖတ်သူ၏သိလိုစိတ်ကို လှုံ့ဆော်ပေးသော နည်းပရိယာယ်တစ်ခု ဖြစ်ပါသည်။ မြှုပ်ကွက်ကို ထည့်သွင်းဖန်တီးလိုက်သောအခါ ဇာတ်ရှိန်မြင့်လာပြီး ဇာတ်ထွတ်ပိုင်းတွင် ထိုမြှုပ်ကွက်ကို ဖော်ထုတ်ပြခြင်းဖြင့် စာဖတ်သူကို အံ့သြနှစ်သက်မှု ဖြစ်စေပါသည်။ မြှုပ်ကွက်၏ သဘောကို မမိုးမြေက

**မြှုပ်ကွက်ဆိုသည်မှာ ဝတ္ထုဇာတ်လမ်းတွင် မည်သို့ဖြစ်သည်၊ မည်သည့်အတွက် ဖြစ်သည်ဆိုသောအချက်ကို သိလိုသည့် စာဖတ်ပရိသတ်အား ဖြစ်ပွားရသည့် အကြောင်းရင်းကို ကွယ်ဝှက်၍ ဇာတ်လမ်းဆင်ထားပြီး ဇာတ်ထွတ်ပိုင်းသို့ ရောက်မှသာ ဘာကြောင့် ဖြစ်ရသည်ဆိုသော အချက်ကို ဖော်ထုတ်ပြခြင်း ဖြစ်သည်** [၁၅]

ဟု ရှင်းပြထားပါသည်။

ဆဋ္ဌဂံဝတ္ထုတွင် ကိုရေအေး၊ မခင်အေးတို့ မောင်နှမနှင့်ပတ်သက်၍ မြှုပ်ကွက်ကို သုံးကာ ဇာတ်လမ်းဆင်ထားကြောင်း တွေ့ရပါသည်။ စိန်ရွှေမြ၏ခင်ပွန်း ကိုရေအေးသည် ဝင်ငွေနည်းပါးသောကြောင့် ကလေး(၄)ယောက်တာဝန်ဖြင့် ဆင်းရဲချို့ငဲ့နေသော ဇနီးသည်၏ အပြစ်တင်စောင်းချိတ်ပြောဆိုမှုကို ခံနေရသူဖြစ်သည်။ ထိုအခြေအနေတွင် ကိုရေအေးနှင့် ဒေါ်ခင်မေကြီးတို့ ခတ်လှေကား တွင်ဆုံမိကြပြီး မည်သည့်အတွက်ကြောင့် မသိရဘဲ ဒေါ်ခင်မေကြီး အမူအရာ ပျက်နေပုံကို မြှုပ်ကွက် အဖြစ်တင်ပြထားသည်။ တစ်နေ့တွင် ညွှန်မှူးဦးအောင်ထွန်းမြင့်က ကိုရေအေးကို ခေါ်ယူတွေ့ဆုံရာတွင်

**ခင်ဗျားက အဖေတူသားဆိုတော့ ခင်ဗျားကို မြင်လိုက်တာနဲ့ မာမီက သူ့မောင်နဲ့ တူနေတာကို ချက်ချင်းသိလိုက်တယ်တဲ့** [၁၆]

ဟူသော ပြောစကားဖြင့် မြှုပ်ကွက်ကို ပြန်လည်ဖော်ယူကာ စာဖတ်သူ၏သိလိုစိတ်ကို ဖြေလျှော့ပေးခဲ့သည်။ မြှုပ်ကွက်ကို သိလိုစိတ်ဖြင့် ဇာတ်လမ်းအပေါ် အာရုံစူးစိုက်လိုက်ပါလာခဲ့သည့် စာဖတ်သူကို ကျေနပ်နှစ်သက်စိတ် ရရှိသွားစေသည် ဖန်တီးမှုအတတ်ပညာပင် ဖြစ်ပါသည်။

## ၂၊ ၆။ လှည့်ကွက်ကိုသုံးခြင်း

[၁၄] စန္ဒာ၊ မ၊ ၂၀၀၂၊ ၇၅။
[၁၅] မိုးမြေ၊ မ၊ ၂၀၁၅၊ ၉၆။
[၁၆] စန္ဒာ၊ မ၊ ၂၀၀၂၊ ၂၀၉။

ဝတ္ထုဇာတ်လမ်းဆင်ရာတွင် စာရေးသူသည် လှည့်ကွက်သုံး၍ စာဖတ်သူ မထင်မှတ်သော၊ မျှော်လင့်မထားသော အဖြစ်အပျက်များကို ဖန်တီးလေ့ရှိပါသည်။ လှည့်ကွက်၏သဘောကို မမိုးမြေက

**ဝတ္ထုအဆုံးတွင် စာဖတ်သူ မျှော်လင့်သကဲ့သို့ မဟုတ်ဘဲ တစ်မျိုးတစ်ဖုံဖြစ်နေသည်ကို ထူးထူးခြားခြား တွေ့ရတတ်သည်။ ထိုသို့ စာဖတ်သူမျှော်လင့်သလို ဖြစ်မလာအောင် စာရေးသူက ထူးထူးခြားခြား ဖန်တီးပေးလိုက်ခြင်းကို လှည့်ကွက်ဟု ခေါ်သည်** [၁၇]

ဟု ဖွင့်ဆိုထားပါသည်။ လှည့်ကွက်သုံးခြင်းဖြင့် အဖြစ်အပျက်များ၊ ဇာတ်ဆောင်များနှင့်အတူ မှန်းဆရင်း လိုက်ပါလာသော စာဖတ်သူသည် စာရေးသူနှင့် အတွေးအမြင် မတူခြင်းအပေါ် တစ်မျိုးတစ်ဖုံ နှစ်သက်ကာ စိတ်ဝင်စားစေပါသည်။

ဆင္ဓဂံဝတ္ထုတွင် မစန္ဒာသည် နွဲ့သဇင်နှင့်ပတ်သက်၍ လှည့်ကွက်သုံးကာ ဇာတ်လမ်းဆင်ထားသည်ကို တွေ့ရပါသည်။ တင်မောင်မောင်နှင့် ငြိစွန်းမိပြီး ကိုယ်ဝန်ရှိလာသော နွဲ့သဇင်သည် တင်မောင်မောင်၏ပစ်ပယ်မှုကြောင့် သားကို လျှို့ဝှက်စွာ မွေးဖွားခဲ့ရသည်။ ထိုသားကို အစ်မမကြိုင်ကြိုင်က ခေါ်ယူမွေးစားပြီး နွဲ့သဇင်ကို ကိုဘိုကြည်နှင့် လက်ထပ်စေခဲ့သည်။ တစ်နေ့တွင် တင်မောင်မောင်နှင့် အမှတ်မထင် ဆုံဆည်းမိပြီး တစ်ချိန်က ရခဲ့ဖူးသော ကလေး အကြောင်းကို တင်မောင်မောင်က ဖုံးဆက်၍ မေးမြန်းသည်။ နွဲ့သဇင်က ထိုကလေးကို မမွေးခဲ့ ကြောင်း လိမ်ညာပြောခဲ့သည်။ ထိုပြောစကားကို ကိုဘိုကြည် ကြားသိသွားကြောင်း ဖော်ပြသော အခန်းတွင် နွဲ့သဇင်နှင့်အတူ စာဖတ်သူကို စိတ်လှုပ်ရှားစေသည်။ သာယာနေသော နွဲ့သဇင်၏ ဘဝသည် အတိတ်ဖြစ်ရပ်ကြောင့် ကွဲကြေသွားမည်လားဟူသည့် စိုးရိမ်မှုဖြင့် ဇာတ်ရှိန်မြင့်တက်နေ စဉ် ကိုဘိုကြည်၏တုံ့ပြန်မှုကို

**"နွဲ့လေးအကြောင်း လက်မထပ်ခင်ကတည်းက ကိုကို အကုန်လုံးသိပြီး သားပါ"**

**"ကိုကို စိတ်မဆိုးဘူးလား"**

**"မဆိုးပါဘူးကွယ်၊ နွဲ့လေးကို သနားပြီး ပိုတောင်ချစ်ရသေးတယ်"** [၁၈]

ဟူသောစကားဖြင့် လှည့်ကွက်သုံးကာ ဇာတ်လမ်းဆင်ထားသည်။ ထိုလှည့်ကွက်အဆုံးတွင် လူ့သဘာဝနှင့်ယှဉ်၍ ဖြစ်နိုင်ချေရှိသောအဖြေကို မှန်းဆကြည့်နေသော စာဖတ်သူအဖို့ အတွေးချင်း မတူစေကာမူ ကျေနပ်နှစ်သက်မှုကို ရရှိသွားစေသည်။ မစန္ဒာ၏ လှည့်ကွက်အသုံးပြုပုံ လိမ္မာပါးနပ်မှုသည် ဇာတ်လမ်းဖန်တီးမှု အားကောင်းသော အတတ်ပညာကို ထင်ရှားစေပါသည်။

## ၂၊ ၇။ တိုက်ဆိုင်မှုကိုသုံးခြင်း

တိုက်ဆိုင်မှုသုံးခြင်းသည် ဇာတ်လမ်းဇာတ်ကွက်ကို ပို၍အချိတ်အဆက်မိစေပြီး ဇာတ်လမ်းရှုပ်ထွေးမှုဖြစ်ပေါ်ရန် အားပေးသော အတတ်ပညာတစ်ခု ဖြစ်ပါသည်။ ဆင္ဓဂံဝတ္ထုတွင် မစန္ဒာသည် တိုက်ဆိုင်မှုကို အသုံးပြု၍ ဇာတ်လမ်းဆင်ထားသည်ကို တွေ့ရသည်။

နွဲ့သဇင်သည် ကိုဘိုကြည်၏မိတ်ဆွေ ညွှန်မှူးဦးအောင်ထွန်းမြင့်၏ ဇနီးသည် တင်တင်ကြည် ကလေးမွေးဖွားရာ ဆေးရုံသို့ သွားရောက်ခဲ့သည်။ ထိုစဉ် တင်တင်ကြည်၏မောင် တင်မောင်မောင်နှင့် အမှတ်မထင် ဆုံဆည်းမိကြပုံကို

**သဇင်နိုင် သဇင်ခက်များ၏အပေါ်မှ မျက်နှာလေးကို လှမ်းကြည့်လိုက်မိ သောအခါတွင်ကား တင်မောင်မောင်၏ နှလုံးသားသည်ရင်ထဲမှ ပြုတ်ထွက်ပြီး လည်ချောင်းဝတွင် လာပြီး ဆို့နေလေသည်။**

**သူ သူ ပါလား။**

---

[၁၇] မိုးမြေ၊ မ၊ ၂၀၁၅၊ ၉၈။

[၁၈] စန္ဒာ၊ မ၊ ၂၀၀၂၊ ၂၅၉။

**နွဲ့သဇင်ကလည်း တင်မောင်မောင်ကို လှမ်းမြင်လိုက်သည်နှင့်
ရင်ထဲတွင် ဝရုန်းသုန်းကား လှုပ်ရှားသွားသည်** [၁၉]

ဟု ရေးသားထားသည်။ ထိုတိုက်ဆိုင်မှုကြောင့် စာဖတ်သူကို ဇာတ်လမ်းနှင့်အတူ လိုက်ပါပြီး ဇာတ်ဆောင်များနည်းတူ စိတ်လှုပ်ရှားမှုကို ဖြစ်စေပါသည်။ ထို့အတူ နွဲ့သဇင်၏ ဘဝအလှည့်အပြောင်းကိုလည်း အသင့်ယုတ္တိရှိစွာ ဖြစ်ပေါ်စေသည့် ဇာတ်လမ်းဖန်တီးမှုပင် ဖြစ်ပါသည်။

## ခြုံငုံသုံးသပ်ချက်

မစန္ဒာသည် ဆဋ္ဌဂံဝတ္ထုကို ကိုယ်ဝန်ဆောင်မိခင်လောင်း အမျိုးသမီးတို့၏ ဖြစ်တတ်သောသဘာဝ၊ တွေ့ကြုံရတတ်သော လူမှုဒုက္ခတို့ကို စာနာနားလည်စေလိုသော စေတနာဖြင့် ရေးသားထားခြင်း ဖြစ်ပါသည်။ ထိုစေတနာရည်ရွယ်ချက်သို့ရောက်အောင် ပို့ဆောင်ရာတွင် ဝတ္ထုစလျှင်စချင်း ဇာတ်ကွက်ဖော်သောနည်းကိုသုံး၍ စာဖတ်သူ၏ စိတ်အာရုံကို ဆွဲဆောင်မှုပြုထားပါသည်။ ဇာတ်လမ်းပါ ဖြစ်ရပ်များကို အကျိုးသင့်၊ အကြောင်းသင့်ဖြစ်စေရန် အကြောင်းဆက်နည်းကိုသုံး၍ အသင့်ယုတ္တိရှိစေပါသည်။

ထို့ပြင် စာဖတ်သူ၏သိလိုစိတ် အဆက်မပြတ် ဖြစ်ပေါ်စေရန်၊ ဇာတ်ရှိန်မြင့်တက်စေရန် အားပြိုင်မှု၊ အနုစိတ်ခြယ်မှုန်းရေးဖွဲ့မှု၊ မြုပ်ကွက်၊ လှည့်ကွက်များနှင့် တိုက်ဆိုင်မှုများကို ပိရိသေသပ်စွာ အံဝင်ခွင်ကျ ထည့်သွင်းဖန်တီးထားပါသည်။ တိုက်ဆိုက်မှုကို အသုံးပြုရာတွင် အလွန်အကျွံ မဖြစ်စေဘဲ ဇာတ်လမ်းလိုအပ်ချက်အရသာ ထည့်သွင်းထားသည်မှာ နှစ်သက်လက်ခံဖွယ်ပင် ဖြစ်ပါသည်။ အားပြိုင်မှုများ၏အဆုံးသတ် အနိုင်အရှုံးကို ဖော်ပြရာတွင် အသင့်ယုတ္တိရှိပြီး သဘာဝကျအောင် ဖန်တီးထားနိုင်ကြောင်း တွေ့ရပါသည်။

ဤသို့ဖြင့် မစန္ဒာ၏ ဇာတ်လမ်းဖန်တီးမှုအတတ်ပညာ ကျွမ်းကျင်လိမ္မာမှုကြောင့် ဆဋ္ဌဂံဝတ္ထုသည် ဇာတ်လမ်း အစ၊ အလယ်၊ အဆုံး သုံးပါးစလုံးတွင် စာဖတ်ပရိသတ်၏ စိတ်နှလုံးကို တိမ်းညွတ်လာအောင် ဆွဲဆောင်နိုင်သော ဝတ္ထုတစ်ပုဒ် ဖြစ်လာခဲ့ပါသည်။

## နိဂုံး

ဤစာတမ်းတွင် ဆဋ္ဌဂံဝတ္ထုမှ မစန္ဒာ၏ ဇာတ်လမ်းဖန်တီးမှုအတတ်ပညာများကို လေ့လာတင်ပြထားပါသည်။ ယနေ့ခေတ် မြို့ပြပုံရိပ်တို့ ထင်ဟပ်နေသော ဆဋ္ဌဂံဝတ္ထုကို လေ့လာခြင်းအားဖြင့် မတူညီသော ပတ်ဝန်းကျင်တွင် ကွဲပြားသောဘဝ၊ ခြားနားသောစရိုက်တို့ဖြင့် လှုပ်ရှားနေကြသော ကိုယ်ဝန်ဆောင် အမျိုးသမီးတို့နှင့်ပတ်သက်၍ ဘဝအသိအမြင် ရရှိစေမည် ဖြစ်ပါသည်။ ဤစာတမ်းသည် မြန်မာစာပေ ဝတ္ထုရှုည် လေ့လာသူများအတွက် အကျိုးပြုမှု ဖြစ်စေမည်ဟု ယုံကြည်မိပါသည်။

---

[၁၉] စန္ဒာ၊ မ၊ ၂၀၀၂၊ ၂၄၁။

## ကျမ်းကိုးစာရင်း


စန္ဒာ၊မ။ (၂၀၀၂)။ ***ဆငွဂံ***။ ပထမအကြိမ်၊ မေလ။ ရန်ကုန်၊ သံလွင်ဦးပုံနှိပ်တိုက်။

ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန(ရုံးချုပ်)။ (၂၀၀၃)။ ***နှစ်ဆယ်ရာစု မြန်မာစာရေးဆရာများနှင့် စာစုစာရင်း***။ ရန်ကုန်၊ သိန်းထိုက်ရတနာအော့ဖ်ဆက်။

မိုးမြေ၊ မ။ (၂၀၁၅)။ ***ဝတ္ထုရှည်သဘောတရားနှင့်ဝတ္ထုရှည်အတတ်ပညာ***။ ဒုတိယအကြိမ်။ ရန်ကုန်၊ အလင်္ကာဝတ်ရည်ပုံနှိပ်တိုက်။

မောင်မောင်မြင့်သိန်း (စက်မှုတက္ကသိုလ်)။ (၂၀၀၄)။ ***စာပေအင်တာဗျူး၊ စာရေးဆရာမ မစန္ဒာနှင့် တွေ့ဆုံခြင်း***။ လုံမလေးမဂ္ဂဇင်း၊ ဇန်နဝါရီလ၊ အတွဲ–၂၀၊ အမှတ်–၂၂၃။

သူရိယကန္တိ။ (၁၉၆၇)။ ***ဝတ္ထုရေးလိုသော်***။ ဒုတိယအကြိမ်။ ရန်ကုန်၊ ချိုးဖြူပုံနှိပ်တိုက်။

အောင်သင်း။ (၁၉၈၄)။ ***ကျွန်တော်အကြိုက်ဆုံးဝတ္ထုတို***။ သဘင်မဂ္ဂဇင်း၊ (ခ) ၁၄၃။။

အောင်သင်း။ (၁၉၉၄)။ ***ဝတ္ထုရေးရာဆောင်းပါးများ***။ ရန်ကုန်၊ ရေတမာစာပေ။

Biddle, Arthur.W & Toby Fulwiler. (1989). ***Reading, Writing and the study of Literature***. Randon House Inc.